# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်သမ္မတရုံး

## ညွှန်ကြားချက်အမှတ်၊ ၂ /၂၀၁၈

## စီမံကိန်းဘဏ် (Project Bank) ဆိုင်ရာညွှန်ကြားချက်

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိဒါန်း | |
| ၂ | အခန်း(၁)<br>အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက် | ၂ |
| ၃ | အခန်း(၂)<br>ရည်ရွယ်ချက်များ | ၈ |
| ၄ | အခန်း(၃)<br>စီမံကိန်းဘဏ်ထူထောင်ခြင်း | ၉ |
| ၅ | အခန်း(၄)<br>အစိုးရ - ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ဗဟိုဌာန (PPP Center) နှင့် အစိုးရ - ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းများ (PPP Units) ကို စံနှုန်း သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းခြင်း | ၁၃ |
| ၆ | အခန်း(၅)<br>အစိုးရက ဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) | ၁၇ |
| ၇ | အခန်း(၆)<br>အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အတွက် ငွေကြေးရင်းမြစ်များ | ၂၁ |
| ၈ | အခန်း(၇)<br>အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာထည့်သွင်းစဉ်းစားရမည့် အချက်များ | ၂၃ |
| ၉ | အခန်း(၈)<br>အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့် သက်ဆိုင်သော သဘောတူစာချုပ် ချုပ်ဆိုခြင်းများတွင် လိုအပ် သော အချက်များ | ၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀ | အခန်း(၉)<br>အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများအား စောင့်ကြည့်ကြပ်မတ်ခြင်း | ၂၆ |
| ၁၁ | အခန်း(၁၀)<br>နိုင်ငံတော်ပိုင် စီးပွားရေး လုပ်ငန်းများ၏ ရှယ်ယာ တစ်စိတ်တစ်ဒေသ / အလုံးစုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းခြင်းနည်းလမ်း (သို့မဟုတ်) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်း | ၂၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး

ညွှန်ကြားချက်အမှတ်၊ ၂ / ၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

## စီမံကိန်းဘဏ် ( Project Bank ) ဆိုင်ရာ ညွှန်ကြားချက် ထုတ်ပြန်ခြင်း

### နိဒါန်း

မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan-MSDP) တွင် ပါရှိသော မဟာဗျူဟာ နှင့် လုပ်ငန်းစဉ်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရဌာနများက အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့်ပုံစံ၊ ဖွံ့ဖြိုးမှုအကူအညီများဖြင့် ဆောင်ရွက်မည့်ပုံစံ၊ အခြားထောက်ပံ့မှုပုံစံများဖြင့် ဆောင်ရွက်မည့် စီမံကိန်းများကို "စီမံကိန်းဘဏ် (Project Bank)" တွင် ထည့်သွင်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း၊ စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို တိကျသောလုပ်ငန်းစဉ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်းကောင်း ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ (က) **"လုပ်ငန်းကိစ္စရပ်"** **(Business Case)** ဆိုသည်မှာစီမံကိန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ် ဆန်းစစ်အကဲဖြတ်ခြင်းကိုဆိုလိုသည်။ ယင်းစကားရပ်တွင် သတ်မှတ်ကာလအတွင်း အဆိုပါ စီမံကိန်း၏ ရင်းနှီးမြှုပ်နှံမှုမှ စီးပွားရေးနှင့် ငွေကြေးဆိုင်ရာ ပြန်လည်ရရှိမှုနှုန်း(Economic and Financial Internal Rate of Return)၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များအပေါ် အခြေခံ၍ စီမံကိန်းအတွက် လျာထားကုန်ကျစရိတ်နှင့်ဝင်ငွေစသည့် အချက်များအား ဦးတည်တွက်ချက်ခြင်းလည်း ပါဝင်သည်။

(ခ) **"ကော်ပိုရေးရှင်း အသွင်ကူးပြောင်းခြင်း"** ဆိုသည်မှာ အစိုးရပိုင်စီးပွားရေးလုပ်ငန်းများကို အစိုးရ သို့မဟုတ် အစိုးရဌာနမှ သီးခြားခွဲထုတ်၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ သို့မဟုတ် အထူးကုမ္ပဏီအက်ဥပဒေအရ ရှယ်ယာများ ရောင်းချနိုင်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း (State-owned Economic Enterprise -SEE) အဖြစ်တည်ထောင်ခြင်းကိုဆိုသည်။

(ဂ) **"ဖွံ့ဖြိုးမှုအကူအညီ"** ဆိုသည်မှာ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဦးတည်ကာ မြန်မာနိုင်ငံ၏ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖွံ့ဖြိုးမှုကိစ္စရပ်များအတွက် နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများမှ ပေးအပ်လာသော ဘဏ္ဍာရေးနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို ဆိုသည်။

(ဃ) **"ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းပေးမှု"** **(Equitization)** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခု၏ ပိုင်ဆိုင်မှုရှယ်ယာ တစ်စိတ်တစ်ပိုင်း သို့မဟုတ် အလုံးစုံကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးသည့် လုပ်ငန်းစဉ်ကို ဆိုသည်။

(င) **"အစိုးရ"** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရကို ဆိုသည်။

(စ) **"Greenfield"** ဆိုသည်မှာ ယခင်ကရင်းနှီးမြှုပ်နှံမှု လုံးဝမလုပ်ဆောင်ရသေးသော သို့မဟုတ် ယခင်ရင်းနှီးမြှုပ်နှံမှုများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ပုံစံ သို့မဟုတ် ဧရိယာနယ်ပယ်တွင် လုပ်ဆောင်သည့် မည်သည့်ရင်းနှီးမြှုပ်နှံမှုမျိုးကိုမဆို ဆိုသည်။

(ဆ) **"စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့်အစိုးရ အဖွဲ့အစည်း"** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ လက်အောက်ရှိ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာ အဖွဲ့အစည်းကို ဆိုသည်။

(ဓ) **"စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန"** (Ministry of Planning and Finance-MOPF) ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဈ) **"မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီးဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း"** (MSDP) ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားအဆင့်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ဆိုသည်။

(ည) **"နိုင်ငံတော်စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ"** (National Economic Coordination Committee-NECC) ဆိုသည်မှာ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၃၁/၂၀၁၆ အရ ဖွဲ့စည်းထားသည့်ကော်မတီကို ဆိုသည်။

(ဋ) **"ဖြစ်နိုင်ခြေများအားကြိုတင်လေ့လာဆန်းစစ်ချက်"** (Pre-Feasibility Study) ဆိုသည်မှာ စီမံကိန်းတစ်ခု အောင်မြင်ပြီးမြောက်ရန်အတွက် ဖြစ်နိုင်ခြေရှိသည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ဈေးကွက်၊ နည်းပညာ၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ ဥပဒေရေးရာ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အချက်အလက်များအား ကြိုတင်လေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဌ) **"စီမံကိန်း"** ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) အတွက် အဓိကရည်မှန်း၍ မြန်မာကျပ်ငွေ သန်း ၂၀၀၀ အနိမ့်ဆုံးထား၍ သုံးစွဲရန် ရှင်းလင်းစွာ ဖော်ပြထားသည့် စီမံကိန်းကိုဆိုသည်။

(ဍ) **"စီမံကိန်းဘဏ်"** ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း(MSDP)နှင့် မဟာဗျူဟာလုပ်ငန်း အစီအမံများကို အကောင်အထည်ဖော်ရာတွင် အစိုးရအဖွဲ့အစည်းများက ရေးဆွဲထားသော စီမံကိန်းများပါဝင်သည့် အများပြည်သူ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်သော ဝက်ဘ်အခြေခံဒေတာအဆောက်အဦ သို့မဟုတ် စီမံကိန်းအချက်အလက်များ သိုမှီးထားသည့်ဘဏ်ကို ဆိုသည်။

(ဎ) **"အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု** (PPP) ဆိုသည်မှာ အစိုးရအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအဖွဲ့အစည်း တို့အကြား ပြည်သူပိုင်ပစ္စည်းများအတွက် သော်လည်းကောင်း၊ အခြေခံအဆောက်အအုံ ဆောက်လုပ်မှုအတွက်လည်းကောင်း ပြည်သူ့ရေးရာဝန်ဆောင်မှုများအတွက် သော်လည်းကောင်း သဘောတူညီချက် စာချုပ်ချုပ်ဆို၍ ပူးပေါင်းလုပ်ဆောင်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည် ယေဘုယျအားဖြင့် အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်သည့်အခြေခံအဆောက်အအုံနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများ၏ ငွေရေးကြေးရေး၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်း၊ စီမံခန့်ခွဲခြင်း(နှင့်/သို့မဟုတ်) လုပ်ငန်းလည်ပတ်မှုကို စီမံခန့်ခွဲခြင်းတို့အပါအဝင် အခြားကိစ္စရပ်များတွင် အစိုးရ၏

ငွေလုံးငွေရင်းအသုံးပြုမှုနှင့် လုပ်ငန်းလည်ပတ်သော ကုန်ကျစရိတ်တို့ကို လျှော့ချနိုင်ရန်သာမက ပိုမိုကောင်းမွန်သော ပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူ့ရေးရာဝန်ဆောင်မှုများ ရရှိနိုင်ရန်အတွက် လုပ်ဆောင်ခြင်းကို ဆိုသည်။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများတွင် အောက်ဖော်ပြပါ နည်းလမ်းများအပြင် အလားတူအခြား နည်းလမ်းများလည်း ပါဝင်သည် -

(၁) **"အဆင်သင့်ဖြစ်စေရန်စီစဉ်မှုအတွက်ငွေပေးချေမှု"** (Availability Payment) ဆိုသည်မှာ စီမံကိန်းကာလပြီးဆုံးချိန်အထိ ခန့်မှန်းတွက်ချက်ထားသော ကုန်ကျစရိတ်ကိုအစိုးရက သက်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းသို့ ငွေအရစ်ကျ ပေးချေရသည့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစား ဖြစ်သည်။ ယင်းပူးပေါင်းဆောင်ရွက်မှုတွင် ပုဂ္ဂလိကအဖွဲ့အစည်းအနေဖြင့် ဝန်ဆောင်မှု သို့မဟုတ် အခြေခံအဆောက်အအုံ ဆောက်လုပ်မှုအတွက် ဒီဇိုင်းဆွဲခြင်း၊ ဆောက်လုပ်ခြင်း၊ ငွေရေးကြေးရေးစီမံခန့်ခွဲခြင်း၊ စီမံကိန်းစီမံခန့်ခွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့ကို တာဝန်ယူရသည်။ သို့သော် ပုဂ္ဂလိကအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များတွင် ယင်းဝန်ဆောင်မှု သို့မဟုတ် အဆောက်အဦကို အသုံးပြုသူဦးရေ၊ ဝယ်လိုအားဆိုင်ရာ စွန့်စားရမှု(Demand Risk)၊ အသုံးပြုခကောက်ခံမှုတို့ မပါဝင်ပါ။ ထို့အပြင်အစိုးရအနေဖြင့် ငွေပေးချေရာတွင် မတည်ရင်းနှီးငွေနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်များကို ထည့်သွင်း၍ တွက်ချက်ပေးရမည် ဖြစ်သည်။ ပုဂ္ဂလိကအဖွဲ့အစည်းအနေဖြင့် မိမိ၏ လုပ်ငန်းဝန်ဆောင်မှု အရည်အသွေး၊ လုပ်ငန်းဆောင်ရွက်ချက်များ အချိန်မီပြီးဆုံးမှုရှိ/မရှိတို့ကို ကာလအပိုင်းအခြားအလိုက် အကဲဖြတ်ခြင်းခံရပြီး လုပ်ငန်းအရည်အသွေး သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိပါက အခကြေးငွေ နုတ်ယူခြင်း၊ အရည်အသွေး ပိုမိုကောင်းမွန်ပါက တိုးမြှင့်ခြင်းတို့ကို ထည့်သွင်းစဉ်းစား၍ အရစ်ကျပေးချေမှုပမာဏကို အလျှော့အတင်းပြုနိုင်သည်။

(၂) **"Build-Own-Operate (BOO)"** ဆိုသည်မှာ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံတစ်ခုကို ဆောက်လုပ်ပြီးနောက် ပိုင်ဆိုင်ခွင့်နှင့် လုပ်ငန်းလည်ပတ်ခွင့်ရှိစေမည့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံအမျိုးအစား ဖြစ်ပါသည်။ စာချုပ်တွင် သတ်မှတ်အချိန်ကာလအတွင်း အစိုးရက ပြန်လည်ဝယ်ယူရန်နှစ်ဦးနှစ်ဖက်သဘောတူညီမှုမရှိပါက ယင်းအဆောက်အအုံကို ပုဂ္ဂလိကအနေဖြင့် အချိန်အကန့်အသတ်မရှိ ပိုင်ဆိုင်နိုင်၍ အကျိုးအမြတ်ရယူကာ လုပ်ငန်းလည်ပတ်ခွင့်ရရှိစေမည့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံအမျိုးအစား ဖြစ်ပါသည်။

(၃) **"Build-Operate-Transfer (BOT)"** ဆိုသည်မှာ နိုင်ငံတော်အတွက် လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်မည့် စီမံကိန်းကို စီမံကိန်းမတည်သူအား အစိုးရက လုပ်ငန်းလုပ်ကိုင်ခွင့်ပေး၍ စီမံကိန်းကို ကိုယ်တိုင်တည်ဆောက်ပိုင်ဆိုင် လည်ပတ်စေပြီး စီမံကိန်း သက်တမ်းကုန်သည့်အခါ အစိုးရသို့ ပြန်လည်လွှဲပြောင်းရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံကို ဆိုသည်။

(၄) **"Build-Transfer-Lease (BTL)"** ဆိုသည်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီးနောက် အဆောက်အအုံ ပိုင်ဆိုင်ခွင့်ကို အစိုးရသို့ လွှဲပြောင်းပေးခြင်းနှင့် မိမိရရှိထားသည့် သတ်မှတ်အချိန်ကာလအတွင်း လုပ်ငန်းလည်ပတ်ခွင့်ကို အစိုးရအဖွဲ့အစည်းထံသို့ ငှားရမ်းခြင်းတို့ လုပ်ဆောင်နိုင်သည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစား ဖြစ်ပါသည်။ စာချုပ်တွင် သတ်မှတ်ထားသည့် အချိန်ကာလအတိုင်း အစိုးရအဖွဲ့အစည်းက ပုဂ္ဂလိကအဖွဲ့အစည်းသို့ ငှားရမ်းခပေးချေရမည် ဖြစ်ပါသည်။

(၅) **"Build-Transfer-Operate (BTO)"** ဆိုသည်မှာ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူမှ အဆောက်အအုံဆောက်လုပ်ခြင်း၊ ဆောက်လုပ်ပြီးနောက် အဆောက်အအုံကို အစိုးရသို့ လွှဲပြောင်းပေးခြင်းနှင့် လုပ်ငန်းလည်ပတ်မှုကို သတ်မှတ်အချိန်ကာလတစ်ခုအထိ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူက လုပ်ဆောင်ခွင့်ရသည့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစားဖြစ်ပါသည်။

(၆) **"Operation and Management (O&M)"** ဆိုသည်မှာ အစိုးရပိုင် လုပ်ငန်းတစ်ခု၏တစ်စိတ်တစ်ပိုင်း သို့မဟုတ် လုပ်ငန်းတစ်ခုလုံး၏ လည်ပတ်မှုနှင့် စီမံခန့်ခွဲမှုကို သတ်မှတ်အချိန်ကာလ တစ်ခုအတွင်း ပုဂ္ဂလိက အဖွဲ့အစည်းက တာဝန်ယူရသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံအမျိုးအစား ဖြစ်ပါသည်။ ဤအမျိုးအစားတွင် ပုဂ္ဂလိကအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ရန် တာဝန်မရှိပါ။

(၇) **"အခြားအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ အမျိုးအစားများ"** ဆိုသည်မှာ အထက်တွင် ဖော်ပြထားသည့် အမျိုးအစားများအပြင် အခြားမူကွဲပုံစံများကိုလည်း ဆိုလိုပါသည်။ အဆိုပါ မူကွဲပုံစံများတွင် ဥပမာ-Design-Build-Operate ပုံစံ၊ Design-Build-Finance-Operate-Transfer ပုံစံတို့ ပါဝင်သည်။

(ဏ) **"အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန"(PPP Center)** ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအတွင်း ဖွဲ့စည်းထားသည့် အထူးပြုအဖွဲ့အစည်းဖြစ်သည်။

(တ) **"အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်း"** (PPP Unit) ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေးအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအတွင်း ဖွဲ့စည်းထားသည့် အထူးပြုအဖွဲ့အစည်း ဖြစ်သည်။

(ထ) **"စိစစ်ရေးဆိုင်ရာအညွှန်း"** (Screening Tool) ဆိုသည်မှာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဖော်ထုတ်ရေးဆွဲထားသော စိစစ်ရေးဆိုင်ရာ အညွှန်းဖြစ်ပြီး စီမံကိန်းတစ်ခုသည် စီမံကိန်းဘဏ်မှ သတ်မှတ်ထားသည့် စံနှုန်းများနှင့် ကိုက်ညီမှုရှိမရှိကို တိုက်ဆိုင်စစ်ဆေးနိုင်မည့် အညွှန်းကို ဆိုသည်။

(ဒ) **"အစိုးရ၏ ဖိတ်ခေါ်မှုဖြင့် လက်ခံရရှိသော စီမံကိန်းအဆိုပြုလွှာ"** (Solicited Proposal) ဆိုသည်မှာ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်း၏ ကြီးကြပ်မှုဖြင့် ဖိတ်ခေါ်သည့် ယှဉ်ပြိုင်မှုရှိသော တင်ဒါလုပ်ငန်းစဉ်များအတွင်း တင်ဒါအဖြစ် လက်ခံရရှိသည့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းအဆိုပြုလွှာ (Projet Proposal) ကို ဆိုသည်။

(ဓ) **"နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်း"** ဆိုသည်မှာ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့အစည်းကိုဆိုသည်။

(န) **"မဟာဗျူဟာမြောက်လုပ်ငန်း အစီအမံများ"** ဆိုသည်မှာ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP)တွင် ဖော်ပြထားသည့် မဟာဗျူဟာများ၊ ရည်မှန်းချက်များနှင့် မဏ္ဍိုင်များကို အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အပံ့ပြုထားသော လုပ်ငန်းအစီအမံများကို ဆိုသည်။

(ပ) **"ဆွစ်ယှဉ်ပြိုင်တင်ဒါခေါ်ခြင်း"** (Swiss Challenge) ဆိုသည်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများတွင် ပုဂ္ဂလိက၏ ဦးဆောင်ပါဝင်မှုကို အားပေးသည့် အစိုးရ၏ ဝယ်ယူရေးဆိုင်ရာ အစီအစဉ်ဖြစ်သည်။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက မိမိဆန္ဒအလျောက် စီမံကိန်းအဆိုပြုလွှာတစ်ခုကို တင်သွင်းလာပါက ယင်းစီမံကိန်းကို အကောင်အထည်ဖော်လိုလျှင် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် Swiss Challenge ပုံစံအသုံးပြု၍ စီမံကိန်း အဆိုပြုလွှာများ ယှဉ်ပြိုင်တင်သွင်းမည့် အဖွဲ့အစည်းများအား တင်ဒါဖိတ်ခေါ်ကာ ဆောင်ရွက်သည့်ပုံစံကို ဆိုသည်။

(ဖ) **"အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာ (Unsolicited Proposal)"** ဆိုသည်မှာ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများက တင်ဒါခေါ်ယူခြင်းမပြုမီ ပုဂ္ဂလိက အဖွဲ့အစည်းတစ်ခုခုက မိမိတို့ လုပ်ဆောင်လိုသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းကို ရေးဆွဲတင်ပြသော စီမံကိန်း အဆိုပြုချက်ကိုဆိုသည်။

(ဗ) **“ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့”** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆) ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

ဤညွှန်ကြားချက်ထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်မှာအောက်ပါအတိုင်းဖြစ်သည်-

(က) အစိုးရကအကောင်အထည်ဖော်မည့် မဟာဗျူဟာမြောက်လုပ်ငန်း အစီအမံများအား ကြိုတင်တွက်ဆနိုင်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် ယင်းစီမံချက်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရန်။

(ခ) သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများအကြား စီမံကိန်းဖော်ဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များတွင် ပေါင်းစပ်ညှိနှိုင်းမှု ပိုမိုအားကောင်းလာစေရန်။

(ဂ) နိုင်ငံတော်၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်စေမည့်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု(PPP)များနှင့် ပုဂ္ဂလိကသို့ အစုရှယ်ယာလွှဲပြောင်းပေးမှု (Equitization) နည်းလမ်းတို့ဖြင့် သင့်လျော်သော ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သူများကို ပိုမိုတက်ကြွစွာ ဆွဲဆောင်ဖိတ်ခေါ်နိုင်ရန်။

(ဃ) ယှဉ်ပြိုင်မှုရှိသော တင်ဒါခေါ်ယူသည့် လုပ်ငန်းစဉ်များ သို့မဟုတ် Swiss Challenge ပုံစံတင်ဒါလုပ်ငန်းစဉ်များကို အားပေးခြင်းဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၏ အရည်အသွေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်။

## အခန်း (၃)
## စီမံကိန်းဘဏ်ထူထောင်ခြင်း

၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းများက တင်သွင်းလာသော စီမံကိန်းများ ထည့်သွင်းပါဝင်သည့် စီမံကိန်းဘဏ်ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

၂။ စီမံကိန်းဘဏ်၏ရည်ရွယ်ချက်မှာ "မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီ သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း" ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည့် အားကောင်းသည့် စီမံကိန်းများ ထွက်ပေါ်လာစေရန်ဖြစ်ပြီး အောက်ပါနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်-

(က) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များ အောင်မြင်စေရန် လိုအပ်သည့် ဦးစားပေးစီမံကိန်းများပါဝင်သောနိုင်ငံတော်စီမံချက်နှင့်စီမံကိန်းများကိုပွင့်လင်းမြင်သာစွာ ထုတ်ပြန်ခြင်း၊

(ခ) စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအကြား ထိရောက်လျင်မြန်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်စေမည့် လုပ်ထုံးလုပ်နည်းများ ရေးဆွဲခြင်း။

၃။ စီမံကိန်းဘဏ်စီမံကိန်းနှင့် ပတ်သက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်များ မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စီမံကိန်းသတင်းအချက်အလက်များဆိုင်ရာစီမံကိန်းဘဏ်ထူထောင်ခြင်း၊

(ခ) စီမံကိန်းဘဏ်တွင်ထည့်သွင်းမည့်စီမံကိန်းများကိုရွေးချယ်ခြင်း၊

(ဂ) စီမံကိန်းဘဏ်ကို အများပြည်သူ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်သော ဝက်ဘ် အခြေခံ စီမံကိန်းသတင်းအချက်အလက်များ သိုမှီးရာနေရာအဖြစ် ထူထောင်ခြင်း၊

(ဃ) သတင်းအချက်အလက်အပြည့်အစုံကို စီမံကိန်းဘဏ်အတွင်းသို့ သုံးလတစ်ကြိမ် ပုံမှန်စာရင်းသွင်းခြင်း၊

(င) ဤညွှန်ကြားချက်ပါ အချက်များကို စီမံကိန်းနှင့် အကျုံးဝင်သူများအားလုံးက တစ်ပြေးညီ အသုံးချလိုက်နာမှုရှိစေရန် လုပ်ဆောင်ခြင်းနှင့် နိုင်ငံတော်စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီထံ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း။

၄။ စီမံကိန်းဘဏ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းများက မဟာဗျူဟာမြောက်လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ရန် ဆောင်ရွက်မည့် အောက်ပါ စီမံကိန်းများပါဝင်သည်-

(က) အစိုးရ၏ရသုံးမှန်းခြေငွေစာရင်းဖြင့်ဆောင်ရွက်မည့်စီမံကိန်းများ၊

(ခ) ဖွံ့ဖြိုးမှုအကူအညီများဖြင့်ဆောင်ရွက်မည့်စီမံကိန်းများ၊

(ဂ) အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ(Unsolicited Proposals) အပါအဝင်အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဃ) ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းသည့်နည်းလမ်း (Equitization) သို့မဟုတ်အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့်နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏တစ်စိတ်တစ်ဒေသ (သို့မဟုတ်) အလုံးစုံကိုပုဂ္ဂလိကကဏ္ဍသို့ လွှဲပြောင်းရန် စီစဉ်ထားသည့် စီမံကိန်းများ၊

(င) အထက်ပါ နည်းလမ်းလေးသွယ်ကို လိုအပ်သလို ပေါင်းစပ်ထားသည့် စီမံကိန်းများ၊

၅။ စီမံကိန်းဘဏ်အတွင်းသို့ စီမံကိန်းထည့်သွင်းရန် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများက စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနသို့ အောက်ပါ အချက်အလက်များ(သို့မဟုတ်) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပုံစံတွင်ပါဝင်သော အချက်အလက်များကို ပေးပို့ရမည်-

(က) စီမံကိန်းအမျိုးအမည်၊

(ခ) စီမံကိန်း၏အရေးပါမှု (သို့မဟုတ်) မဟာဗျူဟာအရလိုအပ်ချက်၊

(ဂ) စီမံကိန်းနှင့်ချိတ်ဆက်နေသည့်မဟာဗျူဟာမြောက်အထူးလုပ်ငန်းအစီအမံများ၊

(ဃ) စီမံကိန်းရည်ရွယ်ချက်၊ အရွယ်အစား၊ တည်နေရာ၊ မြေနေရာအကျယ်အဝန်းနှင့် အခြားလိုအပ်သည့် စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များ၊

(င) လျာထားသည့်စီမံကိန်း၏သဘောတူညီမှုစာချုပ်အမျိုးအစား၊

(စ) စီမံကိန်းအတွက် ရယူရန်လျာထားသည့် ဘဏ္ဍာငွေအရင်းအမြစ်နှင့် ယင်းဘဏ္ဍာငွေအထောက်အပံ့ဖြင့် ဆောင်ရွက်မည့်စီမံကိန်း၏ အကျိုးအပြစ်များ ပါဝင်သောလေ့လာဆန်းစစ်ချက်၊

(ဆ) နည်းပညာလိုအပ်ချက်များ၊ စံနှုန်းသတ်မှတ်ချက်များ၊ ထောက်ပံ့ပေးရမည့် ဝန်ဆောင်မှု(သို့မဟုတ်) ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေးစသော အချက်အလက်များ ပါဝင်သည့် အကျဉ်းချုပ်၊

(ဇ) စီမံကိန်း အကောင်အထည်ဖော်ရန် စုစုပေါင်းထည့်ဝင်ရမည့် ငွေကြေးပမာဏနှင့် အစိုးရက ထည့်ဝင်ရမည့် ငွေကြေးပမာဏ ခန့်မှန်းဖော်ပြချက်များ၊

(ဈ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များနှင့် ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ် လေ့လာချက်များ လုပ်ဆောင်ရန်နှင့် ရင်းနှီးမြှုပ်နှံမည့်သူ စိစစ်ရွေးချယ်ရေး လုပ်ငန်းများအတွက် အချိန်ဇယားများ၊ တည်ဆောက်ရေးကာလ၊ စီမံကိန်းပြီးစီးချိန်နှင့် စီမံကိန်းမှ အကျိုးအမြတ်ရရှိမည့် အချိန်ကာလ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နှစ်ဦးနှစ်ဖက် သဘောတူရန် လိုအပ်သည့် အချက်အလက်များ၊ စီမံခန့်ခွဲမှု၊ ကုန်သွယ်ရေးဆိုင်ရာ လုပ်ငန်းလည်ပတ်မှု သို့မဟုတ်

ဝန်ဆောင်မှုကဏ္ဍနှင့် ပတ်သက်သည့် လုပ်ငန်းအစီအမံများ စသည်တို့ပါဝင်သော စီမံကိန်းဖော်ဆောင်ရေးဆိုင်ရာ စာချုပ်ပါ အချက်အလက်များ၊

(ည) လျော်ကြေးငွေကိစ္စရပ်များ၊ မြေယာအသုံးချခွင့်နှင့် ပြန်လည်နေရာချထားရေး ဆိုင်ရာ အစီအစဉ်များ၊

(ဋ) စီမံကိန်း၏ ပျက်စီးဆုံးရှုံးနိုင်ခြေရှိသည့် ကိစ္စရပ်များနှင့် အခြားဆုံးရှုံးနိုင်ခြေများအား လေ့လာဆန်းစစ်ချက်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို လျှော့ချနိုင်မည့် နည်းဗျူဟာများ၊

(ဌ) စီမံကိန်း၏ လူမှုရေးနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ ပါဝင်သည့် လူမှု-စီးပွားအထောက်အကူပြုပဏာမ လေ့လာဆန်းစစ်ချက်၊

(ဍ) စီမံကိန်း၏ အုပ်ချုပ်ရေး၊ ဖွဲ့စည်းပုံနှင့်နည်းပညာအရ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် လိုအပ်ချက်များ၊

(ဎ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်း၏ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ။

၆။ စီမံကိန်းများကို စီမံကိန်းဘဏ်အတွင်း ထည့်သွင်းနိုင်ရန် သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိနှင့်စီမံကိန်းအတွက် အသင့်လျော်ဆုံးနှင့် ခိုင်မာမှုအရှိဆုံးသော ဘဏ္ဍာငွေ ရရှိနိုင်မှုရှိ-မရှိတို့ကို တိုက်ဆိုင်စစ်ဆေးနိုင်သည့် "စိစစ်ရေးဆိုင်ရာအညွှန်း (Screening Tool)"များကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနမှ ဖော်ထုတ်ရေးဆွဲရမည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများက စိစစ်ရေးဆိုင်ရာ အညွှန်းများအသုံးပြုမှုနှင့်ပတ်သက်၍ ညှိနှိုင်းခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းများကို လုပ်ဆောင်ရမည်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အနေဖြင့် အပိုဒ်(၅)တွင် ဖော်ပြထားသည့် အချက်အလက်များအပြင် အခြားအချက်အလက်များကို လိုအပ်ပါက ထပ်မံတောင်းခံနိုင်သည်။

၇။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းတစ်ရပ်အနေဖြင့် ပရောဂျက်ဘဏ်အတွင်း ထည့်သွင်းထားသည့် စီမံကိန်းများနှင့်ပတ်သက်၍ အပိုဒ်(၅)တွင် ပါဝင်သော အချက်အလက်များအပါအဝင် အချက်အလက်အသစ်များကို သုံးလတစ်ကြိမ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည်။ ယင်းသို့ပေးပို့လာသည့် အချက်အလက်များအပေါ် အခြေခံ၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီမံကိန်းများကို သုံးလတစ်ကြိမ် စီမံကိန်းဘဏ်အတွင်း မွမ်းမံဖြည့်စွက်သွားရမည်။

၈။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းဘဏ်အတွင်းရှိ စီမံကိန်းများကို အများပြည်သူ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်ရန်အတွက် ဝက်ဘ်အခြေခံဒေတာ အဆောက်အဦ အဖြစ်လည်းကောင်း၊ အခြားနည်းလမ်းများဖြင့် လည်းကောင်း ထုတ်ပြန်ကြေညာသွားရမည်။

၉။ အပိုဒ်(၈)၌ ထုတ်ပြန်မည့် စီမံကိန်းဆိုင်ရာ အချက်အလက်များတွင် အောက်ဖော်ပြပါ အချက်များ ပါဝင်နိုင်သည် -

(က) စီမံကိန်းအမျိုးအမည်၊

(ခ) စီမံကိန်း၏အရေးပါမှု (သို့မဟုတ်) မဟာဗျူဟာအရလိုအပ်ချက်၊

(ဂ) စီမံကိန်းနှင့်ချိတ်ဆက်နေသည့်မဟာဗျူဟာမြောက်အထူးလုပ်ငန်းအစီအမံများ၊

(ဃ) စီမံကိန်း၏ရည်ရွယ်ချက်၊ အရွယ်အစား၊ တည်နေရာ၊ မြေနေရာအကျယ်အဝန်းနှင့် အခြားလိုအပ်သည့် အချက်အလက်များ၊

(င) စီမံကိန်းအတွက် လိုအပ်မည့်ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုပေးရမည့် ကိစ္စရပ်များ ပါဝင်သည့် အထွေထွေအကျဉ်းချုပ်၊

(စ) စီမံကိန်းအကောင်အထည်ဖော်ရန် စုစုပေါင်းထည့်ဝင်ရမည့် ငွေကြေးပမာဏနှင့် အစိုးရက ထည့်ဝင်ရမည့် ငွေကြေးပမာဏ ခန့်မှန်းဖော်ပြချက်များ၊

(ဆ) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များနှင့် စီမံကိန်းလိုအပ်ချက်များအရ လေ့လာဆန်းစစ်မှုများ၊ အစီရင်ခံစာများ၊ ရင်နှီးမြှုပ်နှံမည့်သူ စိစစ်ရွေးချယ်ရေး လုပ်ငန်းများအတွက် အချိန်ဇယားများ၊ တည်ဆောက်ရေးကာလ၊ စီမံကိန်းပြီးစီးချိန်နှင့် စီမံကိန်းမှ အကျိုးအမြတ်ရရှိမည့် အချိန်ကာလစသည်တို့ ပါဝင်သော စီမံကိန်းဖော်ဆောင်ရေးဆိုင်ရာ စာချုပ်ပါအချက်အလက်များ၊

(ဇ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေ၊

(ဈ) စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်း၏ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ။

## အခန်း (၄)
## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) နှင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဖွဲ့အစည်းများ (PPP Units) ကို စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းခြင်း

၁၀။ PPP Center ကိုဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများဖော်ထုတ်ခြင်း၊ တင်ဒါဖိတ်ခေါ်ခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်း၊ စောင့်ကြပ်ခြင်းနှင့် စိစစ်ခြင်းစသည့် လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရန်အတွက် ဖြစ်သည်။

၁၁။ PPP Center ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင်ဖွဲ့စည်းထားရှိရမည်။ PPP Center ၏ အဓိကတာဝန်မှာ စီမံကိန်းဘဏ်သို့ ထည့်သွင်းလာသည့် စီမံကိန်းများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရန်ဖြစ်သည်။ ထို့အပြင်အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ရန်တာဝန်ရှိသည်-

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ခြင်းကို အထောက်အကူပြုရန်၊

(ခ) စီမံကိန်းဘဏ်ရှိအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများနှင့် ဆက်စပ်သည့်ကိစ္စရပ်များကိုစီမံခန့်ခွဲရန်၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ ဖော်ထုတ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ရန် ပြင်ဆင်ခြင်း၊ တင်ဒါခေါ်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းများအတွက် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များ၊ ပုံစံများနှင့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်၊

(ဃ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအား စောင့်ကြပ်၍ လိုအပ်သည်များကို တင်ပြရန်၊

(င) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မူဝါဒများ ပြုပြင်ပြောင်းလဲရေးအတွက် လေ့လာဆန်းစစ်ချက်များနှင့် အကြံပြုချက်များပေးရန်။

၁၂။ PPP Center အနေဖြင့် လည်းကောင်း၊ လုပ်ငန်းအကြံပေးများမှတစ်ဆင့် လည်းကောင်း အောက်ပါနည်းလမ်းများဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ ထံအကြံဉာဏ်များနှင့် အထောက်အကူများပေးနိုင်သည် -

(က) PPP စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ အထောက်အပံ့များ ပေးအပ်ခြင်း၊

(ခ) ကနဦးအဆင့် မဟာဗျူဟာလေ့လာဆန်းစစ်ချက်များ ပံ့ပိုးခြင်း၊

(ဂ) စီမံကိန်းမစတင်မီ ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များ လုပ်ဆောင်ခြင်း၊

(ဃ) လုပ်ငန်းကိစ္စရပ်များ (Business Cases) ပြုစုခြင်း၊ ကုန်ကျစရိတ်နှင့် အကျိုးအမြတ် နှိုင်းယှဉ်ဆန်းစစ်ချက်များ (cost-benefit analysis) လုပ်ဆောင်ခြင်း၊

(င) ဝယ်ယူရေးလုပ်ငန်းစဉ်များ၊

(စ) အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့်စီမံကိန်းအဆိုပြုလွှာ (Unsolicited Proposal) များကို လေ့လာဆန်းစစ်ခြင်း၊

(ဆ) စီမံကိန်း၏ပျက်စီးဆုံးရှုံးနိုင်ခြေရှိသည့်အခြေအနေများလျော့နည်းစေရေးစီမံခန့်ခွဲခြင်း၊

(ဇ) အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု အမျိုးအစားများနှင့် တည်ဆောက်ပုံများ အလိုက် အဓိကကျသော စာချုပ်ပါ အချက်အလက်များနှင့် ကိုက်ညီမှုရှိစေရန် အကြံပြုချက်များပံ့ပိုးပေးခြင်း၊

(ဈ) ဘဏ္ဍာငွေများ အချိုးကျပါဝင်မှုရှိစေခြင်း၊

(ည) စီမံကိန်းအတွက် လိုအပ်သည့်ခွင့်ပြုချက်များ ရရှိနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်း။

၁၃။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများကို ထိရောက်စွာလုပ်ဆောင်နိုင်ရန် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် ယင်းတို့၏ လက်အောက်တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအဖွဲ့ (PPP Unit) တစ်ခုစီကို ဖွဲ့စည်းနိုင်သည်။ ယင်း PPPအဖွဲ့များသည် သက်ဆိုင်ရာအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အဆင်ပြေ ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် တာဝန်ယူရမည်။

၁၄။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် အောက်ပါ ဆောင်ရွက်မှုများအတွက် PPP Center ၏အကြံပြုချက်နှင့် အထောက်အကူများရယူနိုင်သည်-

(က) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများ တင်ဒါခေါ်ရန်ပြင်ဆင်ခြင်း၊

(ခ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများနှင့် Swiss Challenge ပုံစံစီမံကိန်းများအတွက် တင်ဒါလုပ်ငန်းစဉ်များအား စီမံခန့်ခွဲ၍ စိစစ်ရွေးချယ်ခြင်း၊

(ဂ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းစာချုပ်များအား ပြင်ဆင်ရေးသားခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း၊

(ဃ) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချုပ်များအား မိမိအဖွဲ့အစည်းအတွင်းရှိ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ စီမံခန့်ခွဲခြင်း။

၁၅။ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများကို စီမံကိန်းဘဏ်အတွင်း ထည့်သွင်းနိုင်ရန်အတွက် အဆိုပြုရာတွင် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်း အနေဖြင့် စီမံကိန်းမစတင်မီဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာချက်များ ပြုလုပ်၍ ယင်း စီမံကိန်းများကို PPP Center မှထုတ်ပြန်ထားသည့် လိုအပ်ချက်များ၊ လမ်းညွှန်ချက်များနှင့် ကိုက်

ညီမှုရှိမရှိ စစ်ဆေးခြင်းတို့ကို လုပ်ဆောင်ရမည်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းအနေဖြင့် PPP Center နှင့်ပူးပေါင်း၍သော်လည်းကောင်း၊ PPP Center က သီးခြားဆောင်ရွက်ပေးခြင်းဖြင့်သော်လည်းကောင်း၊ ဖြစ်နိုင်ခြေများအား ကြိုတင်ဆန်းစစ်လေ့လာ ချက်များ လုပ်ဆောင်နိုင်သည်။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) အတွက် ဖြစ်နိုင်ခြေကြိုတင်ဆန်းစစ် လေ့လာ ချက်များကို အဆိုပြုလွှာတင်သွင်းသည့် ပုဂ္ဂလိကအဖွဲ့အစည်းက လုပ်ဆောင်ရမည်ဖြစ်သည်။

၁၆။ PPP Centerသည်စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနလက်အောက်ရှိ ငွေတိုက်ဦးစီးဌာန နှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ စီမံကိန်းအလိုက် သင့်လျော်သည့် အစိုးရ အထောက်အပံ့ ပုံစံရွေးချယ်ရန်ခိုင်လုံသည့် စံသတ်မှတ်ချက်များကိုရေးဆွဲရမည်။ အစိုးရက စီမံကိန်း များအား အထောက်အပံ့ပေးရာတွင် နိုင်ငံတော်၏အာမခံချက် (Government Guarantees) (သို့မဟုတ်) စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ငွေကြေးအထောက်အပံ့ (Viability Gap Funds) များ ပံ့ပိုးခြင်းတို့အပြင် အခြားအလားတူနည်းလမ်းများကိုလည်း အသုံးပြုနိုင်သည်။

၁၇။ တင်သွင်းလာသော စီမံကိန်းများကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ပုံစံဖြင့် လုပ်ဆောင်နိုင်လျှင် စီမံကိန်း အကောင်အထည်ဖော်ဆောင်မည့် အစိုးရအဖွဲ့အစည်းအနေဖြင့် Business Case ကို ပြင်ဆင်ရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို တောင်းခံနိုင်သည်။ ယင်း Business Case တွင် တင်သွင်းထားသော စီမံကိန်းသည် အစိုးရ-ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ၊ စီမံကိန်း၏ အနေအထား၊ အရွယ်အစား တို့ကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

၁၈။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများသည် တင်ဒါလုပ်ငန်းစဉ်ဖြင့် လည်းကောင်း၊ Swiss Challenge ပုံစံဖြင့်လည်းကောင်း၊ စီမံကိန်းတည်ဆောက်မည့် အဖွဲ့အစည်းအား ရွေးချယ်ရန်အတွက် စာရွက်စာတမ်းများ ပြင်ဆင်ခြင်း၊ စီမံကိန်းအဆိုပြုလွှာများ တောင်းခံခြင်း၊ ရွေးချယ်ရေးစံများ သတ်မှတ်ခြင်းနှင့် တင်ဒါရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို ရယူနိုင်သည်။

၁၉။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် ယှဉ်ပြိုင်တင်ဒါစနစ် (သို့မဟုတ်) Swiss Challenge လုပ်ငန်းစဉ်များ လုပ်ဆောင်ရာတွင် ပြည်တွင်းပြည်ပ အကြံပေးအဖွဲ့အစည်းများကို ငှားရမ်းဆောင်ရွက်နိုင်သည်။ PPP Center က နိုင်ငံတကာ အကြံပေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကူညီပံ့ပိုးနိုင်သည်။

၂၀။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ အနေဖြင့် တင်ဒါဝင်ရောက် ယှဉ်ပြိုင်သူများ စီမံကိန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်း၊ အချက်အလက်များအား လေ့လာပြင်ဆင်နိုင်ရန်၊ စီမံကိန်းနှင့်ပတ်သက်၍ ထိုက်သင့်၍ ပြည့်စုံကျယ်ပြန့်သော လေ့လာဆန်းစစ်ချက်များ (Due Diligence) လုပ်ဆောင်နိုင်ရန်နှင့် စီမံကိန်းအဆိုပြုလွှာများ ရေးဆွဲနိုင်ရန် အချိန်လုံလောက်စွာပေးရမည်။ လိုအပ်ပါက PPP Center ၏အကူအညီကို တောင်းခံနိုင်သည်။

၂၁။ အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် စီမံကိန်း၏ တန်ဘိုးသည် အမေရိကန် ဒေါ်လာ သန်း ၁၀၀ ကျော်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

၂၂။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းစာချုပ်ကို ပြင်ဆင်၍ သက်ဆိုင်ရာ စီမံကိန်း တင်ဒါရရှိသူ နှင့် စာချုပ်ချုပ်ဆိုရမည် ဖြစ်သည်။ လိုအပ်ပါက PPP Center ၏အကူအညီကို ရယူနိုင်သည်။

## အခန်း (၅)
## အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals)

၂၃။ ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုခုက မိမိဆန္ဒအလျောက် သက်ဆိုင်ရာ အစိုးရဌာနသို့ အဆိုပြုတင်သွင်းလာသည့် Unsolicited Proposal တွင်ပါဝင်သောစီမံကိန်း၏ တန်ဖိုးသည် မြန်မာကျပ်ငွေ သန်း ၂၀၀၀ ထက် ကျော်လွန်ပါက ယင်းစီမံကိန်း အဆိုပြုလွှာကို စီမံကိန်းဘဏ် အတွင်းသို့ ထည့်သွင်းရန် လိုအပ်ခြင်းရှိမရှိ PPP Center ၏အကြံဉာဏ်ကို ရယူရမည်။

၂၄။ အဆိုပြု တင်သွင်းလာသည့် Unsolicited Proposal တွင်ပါဝင်သည့် စီမံကိန်းသည် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းရန် လိုအပ်သော စီမံကိန်းဖြစ်ပါက PPP Center သို့ လွှဲပြောင်းနိုင်သည်။ PPP Center အနေဖြင့် ယင်းစီမံကိန်း အဆိုပြုလွှာကို သတ်မှတ်ထားသည့် လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဤအခန်းတွင် ဖော်ပြထားသော လမ်းညွှန်သတ်မှတ်ချက်များ၊ လုပ်ငန်းစဉ် နည်းလမ်းများသည် စွမ်းအင်နှင့်သတ္တုတူးဖော်ရေးဆိုင်ရာ Greenfield စီမံကိန်းများနှင့်ပတ်သက်၍ တင်ပြလာသော Unsolicited Proposals များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

၂၆။ Unsolicited Proposals များတွင်အောက်ပါအချက်များ (သို့မဟုတ်) PPP Center က ပြင်ဆင်ထားသည့် ပုံစံများတွင် ပါဝင်သည့်အချက်များ ပါဝင်ရမည် -

(က) **စီမံကိန်းအဆိုပြုလွှာ**

(၁) စီမံကိန်းရည်ရွယ်ချက်၊ အရွယ်အစား၊ အကောင်အထည်ဖော်ဆောင်မှု၊ တည်နေရာ၊ အသုံးပြုမည့် မြေအနေအထားနှင့် သဘာဝအရင်းအမြစ်များ၊

(၂) စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုအတွက် လိုအပ်သော နည်းပညာများ၊ စံနှုန်းသတ်မှတ်ချက်များ၊ ထောက်ပံ့ပေးရမည့်ဝန်ဆောင်မှု (သို့မဟုတ်) ကုန်ပစ္စည်းဆိုင်ရာအရည်အသွေးစသည်တို့အား ကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၃) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များ၊ တည်ဆောက်ရေးနှင့် စီမံကိန်းလည်ပတ်ရာတွင် သဘောတူညီထားသည့် အချက်များအပြင် စီမံခန့်ခွဲမှု၊ စီးပွားရေးအရ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍနှင့်ပတ်သက်သည့် လုပ်ငန်းအစီအမံများ စသည်တို့ ပါဝင်သော စာချုပ်ပါအချက်အလက်များ၊

(၄) လျော်ကြေးငွေကိစ္စရပ်များ၊ မြေယာအသုံးချခွင့်နှင့် ပြန်လည်နေရာချထားရေးစသည်တို့ အလုံးစုံပါဝင်သော ကြိုတင်စီမံမှုများ၊

(၅) ကြိုတင်ဆန်းစစ် လေ့လာချက်ပြုလုပ်ထားသော စီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာ စီမံချက်များ-

(ကက) စီမံကိန်းအတွက်လိုအပ်သည့်ငွေလုံးငွေရင်းရင်းနှီးမြှုပ်နှံမှု၊

(ခခ) ငွေပင်ငွေရင်းနှင့်ငွေကြေးလည်ပတ်မည့်ပုံစံ၊

( ဂဂ ) စီမံကိန်းဖော်ဆောင်ရာတွင်အစိုးရမှထည့်ဝင်ရမည့်ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း (ထည့်ဝင်ရန်ရှိပါကဖော်ပြရန်)၊

(ဃဃ)ခန့်မှန်းကုန်ကျစရိတ်နှင့် ဝင်ငွေရင်းမြစ်များ၊ စီမံကိန်း ပြီးစီးပါက ရရှိလာမည့်ဝန်ဆောင်မှုနှင့်ထုတ်ကုန်များအားအသုံးပြုခြင်း အတွက်ပေးရမည့်ကာလအလိုက်ခန့်မှန်းဈေးနှုန်းနှင့်အဖိုးအခများ၊

( ငင ) အရင်းကြေကာလနှင့် အမြတ်ငွေခွဲဝေခြင်းဆိုင်ရာဖော်ပြချက်များ၊

(၆) စီမံကိန်းအကောင်အထည်ဖော်နေစဉ်အတွင်း ပျက်စီးဆုံးရှုံးနိုင်ခြေရှိမှုများနှင့် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ပျက်စီးဆုံးရှုံးနိုင်ခြေများအား မျှဝေကျခံခြင်းဆိုင်ရာ အချက်အလက်များအားကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၇) ရင်းနှီးမြှုပ်နှံမှုများအားဆွဲဆောင်နိုင်ရန်မက်လုံးများ (Investment Incentives) နှင့်အာမခံချက်များအား အဆိုပြုဖော်ပြခြင်း (ရှိလျှင်ဖော်ပြရန်)၊

(၈) စီမံကိန်း၏ လူမှု-စီးပွား အကျိုးသက်ရောက်မှုများ၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများအား ကြိုတင်ခန့်မှန်းခြင်း၊

(ခ) စီမံကိန်းရင်းနှီးမြှုပ်နှံသူ၏ ဥပဒေနှင့်အညီလုပ်ဆောင်နိုင်မှု၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံတို့ကို ဖော်ပြထားသည့် စာရွက်စာတမ်းများ (ထိုသို့ဖော်ပြရာတွင် ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်နှင့်ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များ၊ အခြားအပြင်သို့ မပေါက်ကြားစေလိုသည့် ကိစ္စရပ်များပါဝင်လျှင် ယင်းအချက်များကို စိစစ်၍ ထည့်သွင်းဖော်ပြနိုင်သည်)၊

(ဂ) အဆိုပြုလွှာပါ စီမံကိန်းနှင့်အလားသဏ္ဌာန်ဆင်တူသော စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ဖူးသည့် အတွေ့အကြုံဆိုင်ရာ အထောက်အထားများ၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ တာဝန်ယူမှုများရှိကြောင်း အထောက်အထားများ၊

(ဃ) သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် PPP Center တို့မှ စီမံကိန်းအတွက် လိုအပ်ချက်အရတောင်းခံလာသော အချက်အလက်များ။

၂၇။ အစိုးရကဖိတ်ခေါ်ခြင်းမရှိဘဲ မိမိဆန္ဒအလျောက်တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာများ (Unsolicited Proposals) တစ်ခုချင်းစီအတွက် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းသည် PPP Center ၏ အကူအညီကို တောင်းခံရယူ၍ Swiss Challenge တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ပြင်ဆင်ရမည်။ ထိုသို့ပြင်ဆင်ရာတွင် အနည်းဆုံးအောက်ပါအဆင့်များ ပါဝင်ရမည် -

(က) သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းအနေဖြင့် အခြားပုဂ္ဂလိက အဖွဲ့အစည်းများမှ အလားတူစီမံကိန်း အဆိုပြုလွှာများအပြိုင်တင်သွင်းရန် တောင်းခံသည့် တင်ဒါအဆိုပြုလွှာတောင်းခံသည့်စာ (Request for Proposal) ကိုပြင်ဆင်ရန်၊

(ခ) အထက်ပါတင်ဒါအဆိုပြုလွှာတောင်းခံသည့်စာ(Request for Proposal)မပြင်ဆင်မီ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် သက်ဆိုင်ရာအစိုးရ အဖွဲ့အစည်း သည် Unsolicited Proposal ကိုဖတ်ရှုသုံးသပ်၍၊ မူလအဆိုပြုသည့် ရင်းနှီးမြှုပ်နှံ သူကသာ ပိုင်ဆိုင်ခွင့်ရှိသော အချက်အလက်များ (တစ်နည်းဆိုသော် တင်ဒါတွင် ထည့် သွင်းဖော်ပြရန် မသင့်သည့်အချက်အလက်များ) ကို ယင်းမူလအဆိုပြုသည့် ရင်းနှီး မြှုပ်နှံသူနှင့် တိုင်ပင်သတ်မှတ်ရန်၊

(ဂ) တင်ဒါယှဉ်ပြိုင်တင်သွင်းလာသည့် စီမံကိန်းအဆိုပြုလွှာများအနက် မူလအဆိုပြုလွှာ ထက် ပိုမိုကောင်းမွန်သောအချက်များ ပါဝင်ပါက မူလအဆိုပြုသည့် ရင်းနှီးမြှုပ်နှံသူ ထံ အကြောင်းကြား၍ ၄၅ ရက်အတွင်း ပြန်လည်ပြင်ဆင်ခွင့်ပေးရန်၊

(ဃ) စီမံကိန်းအဆိုပြုလွှာများကို စိစစ်ရာတွင် အစိုးရလိုအပ်ချက်၊ စီမံကိန်းမှ ထွက်ပေါ် လာမည့်အကျိုးကျေးဇူးများ၊ အပြန်အလှန်အကျိုးပြုမှု၊ သီးခြားပေါ်လွင်မှု၊ စီမံကိန်း အယူအဆနှင့်နည်းပညာဆိုင်ရာ ထူးခြားကောင်းမွန်မှုတို့အပေါ် မူတည်၍အကဲဖြတ်ရန်၊

(င) မူလစီမံကိန်းတင်သွင်းသူထံသို့ ပေးပို့သည့်အကြောင်းကြားစာတွင် မိမိနှင့် တင်ဒါ ယှဉ်ပြိုင်ဘက်၏ အဆိုပြုလွှာတွင် ပါဝင်သော လျှို့ဝှက်ထားရန် မလိုအပ်သည့် သက် ဆိုင်ရာ အချက်အလက် အသေးစိတ်အားလုံးကို ဖော်ပြပေးရန်၊

(စ) မူလစီမံကိန်းတင်သွင်းသူက ပြန်လည်ပြင်ဆင်တင်သွင်းလာသော အဆိုပြုလွှာသည် တင်ဒါယှဉ်ပြိုင်ဘက်မှ တင်သွင်းလာသော အဆိုပြုလွှာတွင် ပါဝင်သည့်အချက်များ နည်းတူကောင်းမွန်မှုရှိပါက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းအနေဖြင့် မူလစီမံကိန်း တင်သွင်းသူနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည်။ မူလစီမံကိန်းတင်သွင်းသူက ပြန်လည်ပြင်ဆင်တင်သွင်းသော အဆိုပြုလွှာသည် ရွေးချယ်ထားသော တင်ဒါ ယှဉ် ပြိုင်ဖက်တင်သွင်းထားသည့် အဆိုပြုလွှာတွင်ပါဝင်သော အချက်များကို ယှဉ်ပြိုင် နိုင်ခြင်းမရှိပါက၊ သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် ရွေးချယ်ထားသော တင်ဒါ ယှဉ်ပြိုင်ဘက်နှင့် ဆွေးနွေးညှိနှိုင်းခြင်း၊ ပြင်ဆင်ဆောင်ရွက်ခြင်းများ လုပ်ဆောင်၍ စီမံကိန်းသဘောတူညီမှု ရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်၊

(ဆ) မူလအဆိုပြုသူနှင့် တင်ဒါအောင်သောယှဉ်ပြိုင်ဘက် အကြားမျှတမှုရှိစေရေး အစီအမံ များ စဉ်းစားဆောင်ရွက်ရန်၊

၂၈။ အစိုးရကတောင်းခံခြင်းမရှိဘဲ အဆိုပြုသူမှ မိမိဆန္ဒအလျောက် တင်သွင်းသည့် စီမံကိန်းနှင့် စပ်လျဉ်း၍ အဆိုတင်သွင်းသည့် ကုမ္ပဏီသည် ကောင်းမွန်သောအမည် ဂုဏ်သတင်းရှိမှု၊ သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းနယ်ပယ်တွင် နိုင်ငံတကာအတွေ့အကြုံရှိမှုစသည့် အနည်းဆုံးအချက်များ ပါဝင် သော တိကျစွာသတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် ပြည့်စုံမှုရှိခြင်းအပေါ် အခြေခံ၍ ယင်း အဆိုပြုလွှာထက် ပိုမိုကောင်းမွန်သော စီးပွားရေးနှင့်နည်းပညာဆိုင်ရာ အားသာမှုများကို တင်ဒါ ခေါ်ယူဆောင်ရွက်ခြင်းဖြင့် ရရှိနိုင်မည်မဟုတ်ဟု သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းနှင့် PPP Center

အဖွဲ့အစည်းနှစ်ခုလုံးက ယူဆပါက အဆိုပါ ကုမ္ပဏီအား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း လုပ်ကိုင်ခွင့်ကို တိုက်ရိုက်ခွင့်ပြုပေးနိုင်သည်။

## အခန်း(၆)

## အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများအတွက်ငွေကြေးရင်းမြစ်များ

၂၉။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများရေရှည်တည်တံ့ခိုင်မြဲစေရန် (စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးထောက်ပံ့မှု) အတွက်တင်ဒါအဆိုပြုလွှာပါ သဘောတူညီချက်များနှင့်အညီ အစိုးရရသုံးမှန်းခြေငွေစာရင်းမှ လည်းကောင်း၊ ဖွံ့ဖြိုးမှုအကူအညီမှ လည်းကောင်း ပြည်ထောင်စုအစိုးရ၏အတည်ပြုချက်ဖြင့် ဖြည့်ဆည်းအသုံးပြုနိုင်သည်။

၃၀။ PPP Center သည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအတွက် အစိုးရက ထည့်ဝင်ရန် လျာထားသည့် ရင်းနှီးမြှုပ်နှံမှုအားလုံး၏ လေ့လာဆန်းစစ်မှုများကို တာဝန်ယူ လုပ်ဆောင်ရမည်ဖြစ်ပြီး တွေ့ရှိချက်များကို စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများအား လိုအပ်သလို အကြံဉာဏ်ပေးရမည်။

၃၁။ အစိုးရက ရင်းနှီးမြှုပ်နှံမှုထည့်ဝင်ရာတွင် အစိုးရရသုံးမှန်းခြေငွေစာရင်းမှ ထည့်ဝင်ခြင်း၊ အစိုးရ ငွေချေးစာချုပ်များ (Government Bonds) ဖြင့် ထည့်ဝင်ခြင်း၊ ဖွံ့ဖြိုးမှုအကူအညီဖြင့် ထည့်ဝင်ခြင်း၊ ငွေကြေးမဟုတ်သည့်ဝန်ဆောင်မှု (သို့မဟုတ်) ရွှေ့ပြောင်းနိုင်သော/မရွှေ့ပြောင်းနိုင်သော ပစ္စည်းများပုံစံဖြင့် ထည့်ဝင်ခြင်း(သို့မဟုတ်) အခြားဖြစ်နိုင်ခြေရှိသော နည်းလမ်းအားလုံးကို ထည့်သွင်းစဉ်းစားနိုင်သည်။

၃၂။ ယှဉ်ပြိုင်တင်ဒါစနစ် (သို့မဟုတ်) Swiss Challenge တင်ဒါစနစ်ကို အသုံးပြု၍ ရွေးချယ်ထားသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စီမံကိန်းများသာလျှင် အစိုးရ၏ အထောက်အပံ့ကို အာမခံပုံစံဖြင့်သော်လည်းကောင်း၊ စီးပွားဖြစ်ဆောင်ရွက်နိုင်ရန် လိုအပ်ချက်အတွက် ငွေကြေးထောက်ပံ့မှု (Viability Gap Funding) အဖြစ်သော်လည်းကောင်း၊ အခြားပုံစံများဖြင့်သော်လည်းကောင်း ရယူနိုင်သည်။

၃၃။ PPP Center သည် ဖြစ်နိုင်ခြေအလားအလာရှိသော အစိုးရကထည့်ဝင်မည့် ရင်းနှီးမြှုပ်နှံမှုများအတွက် တိကျသော စံနှုန်းသတ်မှတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းရမည်။ ထိုစံနှုန်းများတွင် အောက်ပါအချက်များအပြင် အခြားလိုအပ်ချက်များကိုလည်း ပါဝင်နိုင်သည်-

(က) အထူးသတ်မှတ်ချက်များ မပါရှိပါက ပိုင်ဆိုင်မှုအချိုး (Equity Ratio) သည် အမေရိကန်ဒေါ်လာ သန်း(၅၀)အထိရှိသော မတည်ရင်းနှီးငွေပမာဏ၏ ၃၀ရာခိုင်နှုန်းအောက် မလျော့ခြင်း၊

(ခ) အမေရိကန်ဒေါ်လာသန်း၅၀ထက်ပိုသော မတည်ရင်းနှီးငွေပမာဏအတွက် ကြွေးမြီနှင့် ပိုင်ဆိုင်မှုအချိုး (Debt-to-Equity Ratio) သည် ယင်းပမာဏ၏ ၂၀ရာခိုင်နှုန်းအောက်မလျော့ခြင်း၊

(ဂ) စီမံကိန်းအကောင်အထည်ဖော်မှု၌ အစိုးရ၏ မတည်ရင်းနှီးမြှုပ်နှံမှုကို အစိုးရအကူအညီ အထောက်အပံ့ပုံစံဖြင့် ရယူပါက ယင်းအထောက်အပံ့ကိုကြွေးမြီနှင့် ပိုင်ဆိုင်မှု

အချိုး (Debt-to-Equity Ratio) တွက်ချက်ရာတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု တန်ဖိုး၌ ထည့်သွင်း တွက်ချက်ခြင်းမပြုရ။

(ဃ) စီမံကိန်းရင်းနှီးမြှုပ်နှံသူသည် အဆိုပြုလွှာ စီမံကိန်းနှင့် အလားသဏ္ဍာန် ဆင်တူသော စီမံကိန်းများကို ယခင်က အောင်မြင်စွာအကောင်အထည်ဖော်ခဲ့ဖူးသည့် အတွေ့အကြုံဆိုင်ရာ အထောက်အထားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုတာဝန်ယူမှုများရှိကြောင်းအထောက်အထားများကို တင်ပြနိုင်ရမည်။

(င) စီမံကိန်း အကောင်အထည်ဖော်ဆောင်မည့်ကုမ္ပဏီ/အဖွဲ့အစည်းအနေဖြင့် တင်ဒါတွင် ဖော်ပြထားသည့် အာမခံကြေးများကို ပေးသွင်းရန်တာဝန်ရှိသည်။

(စ) စီမံကိန်းရင်းနှီးမြှုပ်နှံသူသည် တင်ဒါတွင် ဖော်ပြထားသည့် အခြားသော စံနှုန်းသတ်မှတ်ချက်များအားလုံးကိုလိုက်နာရမည်ဖြစ်သည်။

၃၄။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် နှစ်စဉ်အာမခံပေးနိုင်သည့် ကန့်သတ်မှုပမာဏကို ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုစီမံချက်အပေါ် အခြေခံ၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ထည့်သွင်းအတည်ပြုရမည်။

၃၅။ မူလရှိပြီးသားနှင့် အသစ်ရယူရန်စီစဉ်ထားသော အစိုးရ၏ အာမခံချက်ပေးပြီးသည့် ကြွေးမြီများအားလုံးကို ပြည်ထောင်စု၏ရသုံးမှန်းခြေငွေစာရင်း၌ ပြည်ထောင်စုအစိုးရ၏ ပေးရန်တာဝန်ရှိသော ကြွေးမြီများအဖြစ် သတ်မှတ်၍ သတင်းအချက်အလက် ဖော်ပြရမည်။ အစိုးရ၏ အာမခံချက်ပေးပြီးသား ကြွေးမြီများအားလုံးက ပြည်ထောင်စုအစိုးရ၏ နှစ်ပတ်လည်ဘဏ္ဍာရေး အစီရင်ခံစာသို့ အစီရင်ခံတင်ပြရမည်ဖြစ်သည်။

၃၆။ အစုရှယ်ယာရှင်ချေးငွေများ သို့မဟုတ် ပြည်ပမှချေးယူသည့် ချေးငွေများကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်မှ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ရယူနိုင်သည်။

## အခန်း (၇)

## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ထည့်သွင်းစဉ်းစားရမည့်အချက်များ

၃၇။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အပါအဝင် စီမံကိန်းတိုင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှုများကို ဆန်းစစ်ရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် စည်းမျဉ်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၃၈။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းကြောင့် နစ်နာဆုံးရှုံးမှုများရှိခဲ့သော ပြည်သူများအား ပြန်လည်နေရာချထားပေးခြင်းနှင့် လျော်ကြေးများပေးခြင်းတို့ကို ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ စံနှုန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်ပေးရန် အစိုးရတွင် တာဝန်ရှိသည်။

၃၉။ စီမံကိန်းကြောင့် နစ်နာဆုံးရှုံးမှု ရှိခဲ့သောပြည်သူများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ မျှတလုံလောက်သည့် ငွေကြေးပမာဏကို ဆိုင်းငံ့မှုမရှိဘဲ အမြန်ဆုံးပေးရန် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူတွင် တာဝန်ရှိသည်ဟု စီမံကိန်း စာချုပ်စာတမ်းများတွင် ထည့်သွင်းချုပ်ဆိုနိုင်သည်။ သို့ရာတွင် နစ်နာဆုံးရှုံးသည့်ပြည်သူများထံသို့ လျော်ကြေးငွေ တိုက်ရိုက်ပေးချေခြင်းကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက ဆောင်ရွက်ရမည်။

## အခန်း (၈)

## အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစီမံကိန်းများနှင့်သက်ဆိုင်သော သဘောတူစာချုပ်ချုပ်ဆိုခြင်းများတွင်လိုအပ်သောအချက်များ

၄၀။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းနှင့် သက်ဆိုင်သော သဘောတူ စာချုပ်များချုပ်ဆိုရာတွင် ဆုံးရှုံးနိုင်ခြေများအား မျှတစွာကျခံသည့် ပုံစံဖြစ်စေရန် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းသည် Availability Payments, BOO, BOT, BTL, BTO, O&Mနှင့်အခြား PPP ပုံစံများအပေါ်အခြေခံနိုင်သည်။ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းသည် စာချုပ်ချုပ်ဆိုရာတွင် ထိုကဲ့သို့သော အချက်များကို ထည့်သွင်းစဉ်းစားရန် PPP Center ၏အကူအညီကိုရယူနိုင်သည်။ PPP Center သည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချုပ်များ ပြင်ဆင်ဆောင်ရွက်ရာတွင် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစိုးရအဖွဲ့အစည်းများ လိုက်နာအသုံးပြုနိုင်ရန် လမ်းညွှန်ချက်များ၊ စာချုပ်စာတမ်းရေးသားမှုဆိုင်ရာ အခြေခံမူများ၊ စာချုပ်ရေးသားမှု ပုံစံများအား ပြင်ဆင်ထုတ်ပြန်ရမည်။

၄၁။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများအတွက် စာချုပ်ချုပ်ဆိုရာတွင် အောက်ပါအချက်အလက်များအပြင် အခြားလိုအပ်သော အချက်များလည်းပါဝင်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှုပမာဏ (Amount of Investment)၊

(ခ) ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ (Conditions Precedent)၊

(ဂ) စာချုပ်ပါအဖွဲ့ဝင်များ၏တာဝန်နှင့်ဝတ္တရားများ (Responsibilities & Liabilities)

(၁) ပြည်ထောင်စုအစိုးရ(သို့မဟုတ်)တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏တာဝန်နှင့်ဝတ္တရားများ၊

(၂) ပုဂ္ဂလိကအဖွဲ့အစည်း၏တာဝန်နှင့်ဝတ္တရားများ၊

(ဃ) ပျက်စီးဆုံးရှုံးနိုင်ခြေများအားမျှဝေကျခံခြင်း (Risk Allocation)၊

(င) စီမံကိန်းဆိုင်ရာမက်လုံးများ (Incentives)၊

(စ) အငြင်းပွားမှုကိုဖြေရှင်းခြင်း (Dispute Resolution)၊

(ဆ) ထိရောက်မှုနှင့် စွမ်းဆောင်ရည်ကို အကဲဖြတ်သည့် ညွှန်းကိန်းများ (Effectiveness and Key Performance Indicators)၊

(ဇ) ဘဏ္ဍာငွေကြေးထည့်ဝင်မှု (Financing)၊

(ဈ) အာမခံ (Insurance)၊

(ည) စီမံကိန်းကာလသတ်မှတ်ချက် (Term)၊

(ဋ) အနိမ့်ဆုံးစွမ်းဆောင်ရည်သတ်မှတ်ချက်များ (Minimal Performance Standards)၊

(ဌ) စီမံကိန်းစွမ်းဆောင်ရည်ကိုစောင့်ကြည့်ကြပ်မတ်ခြင်း (Performance Monitoring)၊

(ဍ) စီမံကိန်းရပ်ဆိုင်းခြင်း (Termination)၊

(ဎ) သတ်မှတ်ကာလထက်စော၍ စီမံကိန်းရပ်ဆိုင်းခြင်းနှင့်စီမံကိန်းကာလတိုးခြင်း (Early Termination and Extension)၊

(ဏ) ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း (Amendments)၊

(တ) မလွန်ဆန်နိုင်သောဖြစ်ရပ် (Force Majeure)၊

(ထ) အခွန်ပေးဆောင်မှုဆိုင်ရာသတ်မှတ်ချက်များ (Tax and Duties)၊

(ဒ) စာရင်းစစ်ခြင်း (Auditing)၊

(ဓ) တည်ဆဲဥပဒေပြောင်းလဲခြင်း (Change in Law)၊

(န) စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ (Effective Date)၊

(ပ) စာချုပ်သက်တမ်း (Contract Term)၊

(ဖ) အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း (Guarantee and Representation)၊

(ဗ) စာချုပ်အားပြန်လည်စေ့စပ်ညှိနှိုင်းခြင်း (Renegotiation)။

၄၂။ အမေရိကန်ဒေါ်လာသန်း ၁၀၀ အထက်ရှိသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် စာချုပ်တွင်ဖော်ပြထားသည့် သတ်မှတ်ချက်များအတိုင်း လိုက်နာမှုရှိမရှိကို စောင့်ကြည့်ကြပ်မတ်ရန်အတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ သည် လွတ်လပ်သော စောင့်ကြည့်ကြပ်မတ်သူ/အဖွဲ့အစည်းကို အသုံးပြု၍ ကာလအလိုက် အကဲဖြတ်ဆန်းစစ်မှုများလုပ်ဆောင်နိုင်သည်။

၄၃။ ၂၀၁၆ခုနှစ် မြန်မာနိုင်ငံ အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေနှင့် စာချုပ်ပါ သတ်မှတ်ချက်များ နှင့်လိုက်လျောညီထွေဖြစ်သည့် နိုင်ငံတကာ အနုညာတစီရင်ဆုံးဖြတ်မှု လုပ်ဆောင်ခွင့်ကို စာချုပ်တွင် ထည့်သွင်းနိုင်သည်။

၄၄။ စာချုပ်ပါအချက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က ပြဋ္ဌာန်းထားသော တည်ဆဲ ဥပဒေများနှင့်အညီ လွှမ်းမိုးမှုရှိစေရမည်။

၄၅။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံ ကိန်းများကို စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း အကောင်အထည်ဖော်ရာတွင် တရားစီရင်ခြင်း နှင့်ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့် (Waiver of Immunity from Jurisdiction and Execution by Statute) ကိုစွန့်လွှတ်သည်ဟု သတ်မှတ်ကြောင်း စာချုပ်တွင် ထည့်သွင်းဖော်ပြနိုင်သည်။

## အခန်း (၉)

## အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများအားစောင့်ကြည့်ကြပ်မတ်ခြင်း

၄၆။ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် စီမံကိန်းများသည် စာချုပ်ပါသတ်မှတ်ချက်များအတိုင်း လိုက်နာမှုရှိမရှိကို စောင့်ကြည့်ကြပ်မတ်ရမည်ဖြစ်ပြီး အကဲဖြတ်အစီရင်ခံစာများကို PPP Center သို့ ၆ လ တစ်ကြိမ် ပေးပို့ရမည်။

၄၇။ ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့သည် ဖွံ့ဖြိုးမှုအကူအညီမှ ငွေကြေးရယူထားသော စီမံကိန်းများကို မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုအကူအညီဆိုင်ရာ မူဝါဒ (The Myanmar Development Assistance Policy-DAP) နှင့်အညီ စောင့်ကြည့်အကဲဖြတ်ရမည်။

၄၈။ စီမံကိန်းလုပ်ငန်းစဉ်များ စောင့်ကြည့်ကြပ်မတ်ရာတွင် အစိုးရအနေဖြင့် ပြင်ပမှ အကြံပေးများ၊ လွတ်လပ်သောကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည်။

## အခန်း (၁၈)

## နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများ၏ ရှယ်ယာတစ်စိတ်တစ်ဒေသ/အလုံးစုံကိုပုဂ္ဂလိကသို့ လွှဲပြောင်းခြင်းနည်းလမ်း (သို့မဟုတ်) အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၄၉။ ပုဂ္ဂလိကသို့တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အလုံးစုံဖြစ်စေလွှဲပြောင်းလိုသည့် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းကို စီမံကိန်းဘဏ်အတွင်းထည့်သွင်းရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်သွင်းနိုင်သည်။

၅၀။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများကို ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းရောင်းချသည့် နည်းလမ်း(Equitization)ဖြင့်သော်လည်းကောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းဖြင့်သော်လည်းကောင်း အကောင်အထည်ဖော်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများမှ တင်ပြလာသော အဆိုပြုလွှာများတွင် အောက်ပါ အစီအစဉ်အချက်အလက်များ ပါဝင်ရမည်ဖြစ်ပြီး ယင်း အချက်အလက်စာရွက်စာတမ်းများကို PPP Center ကစိစစ်ရမည်-

(က) အနည်းဆုံးလွန်ခဲ့သည့် ငါးနှစ်အတွင်းဝင်ငွေထွက်ငွေစာရင်း၊

(ခ) ဝန်ထမ်းအင်အားဆိုင်ရာ အချက်အလက်အပြည့်အစုံ၊

(ဂ) ထုတ်ကုန် (သို့မဟုတ်) ဝန်ဆောင်မှုပေးခြင်းဆိုင်ရာအချက်အလက်များ၊

(ဃ) လာမည့်ငါးနှစ်အတွက်ကြိုတင်တွက်ချက်ထားသည့်ငွေကြေးစီးဆင်းမှုခန့်မှန်းချက်များ၊

(င) မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေတွင် ပြဋ္ဌာန်းထားသည့် သတ်မှတ်ချက်များနှင့်အညီ ယနေ့ အချိန်အထိရေးဆွဲထားသော စီးပွားရေးလုပ်ငန်းဆိုင်ရာ မှတ်တမ်းများနှင့် စာရင်းဇယားများ၊

(စ) ရှေ့လာမည့် ၂ နှစ်စာအတွက် ကြိုတင်ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ငွေကြေးအစီအစဉ်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်၊

(ဆ) ဘဏ္ဍာရေးနှစ်တစ်နှစ် ကုန်ဆုံးတိုင်းလေးလထက် နောက်မကျဘဲ စာရင်းစစ်ဆေးခြင်း ခံယူထားသော နှစ်စဉ်ဘဏ္ဍာရေးစာရင်းရှင်းတမ်းများ။

၅၁။ ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းသည့် နည်းလမ်း (Equitization) ဖြင့်သော်လည်းကောင်း၊ ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်းဖြင့်သော်လည်းကောင်း၊ အကောင်အထည်ဖော်ရန် စီမံကိန်းဘဏ်သို့ တင်ပြထားသည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းတိုင်းအတွက် သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများအနေဖြင့် အောက်ပါအချက်များကိုဆောင်ရွက်ပေးရမည်ဖြစ်သည်-

(က) မရွှေ့ပြောင်းနိုင်သော ပစ္စည်းများစာရင်း ပြုလုပ်ထိန်းသိမ်းခြင်း၊ ယင်းစာရင်းနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်သည့် ပစ္စည်းဥစ္စာများ ပျောက်ဆုံးပျက်စီးခြင်းနှင့် အလေအလွင့်များ ဖြစ်ပေါ်စေမည့် မည်သည့် လုပ်ရပ်မျိုးကိုမဆို ဆောင်ရွက်မှု မရှိစေရေး၊

(ဂ) မတည်ရင်းနှီးမြှုပ်နှံမှုအသစ်များ ပြုလုပ်မှုမရှိစေရေး၊

(ဃ) ပုံမှန်လုပ်ဆောင်နေသည့် စီးပွားရေးလုပ်ငန်းစဉ်များအရ ကျန်ရှိသည့် ကြွေးကျန်များမှအပ အခြားကြွေးမြီများ မရှိစေရေး၊

(င) အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ပုဂ္ဂိုလ် မည်သူမဆိုအတွက် အကျိုးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များကို မည်သူတစ်ဦးတစ်ယောက်ကိုမှ ပေးအပ်ခြင်း မရှိစေရေး။

၅၂။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းကို ပုဂ္ဂလိကသို့ ရှယ်ယာများ လွှဲပြောင်းခြင်း (Equitization) သို့မဟုတ် ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်း သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းများမှ သင့်လျော်သည့် နည်းလမ်းကို ရွေးချယ်နိုင်ရန်အတွက် စီမံကိန်း အဆိုပြုတင်သွင်းလာသည့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအား PPP Center က အကူအညီပေးရမည်။ ယင်းအကူအညီများတွင် Equitization မလုပ်ဆောင်မီ သင့်လျော်သည့်ပုံစံဖြင့် အဖွဲ့အစည်းအား ပြင်ဆင်ဖွဲ့စည်းပေးခြင်းများပါဝင်နိုင်သည်။ဥပမာ -

(က) စီးပွားရေးဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် စည်းမျဉ်းစည်းကမ်း ကြီးကြပ်မှုဆိုင်ရာတာဝန်များအား သီးခြားခွဲထုတ်၍ အစိုးရအား စည်းမျဉ်းစည်းကမ်းကြီးကြပ်မှုဆိုင်ရာ တာဝန်များသာ ဆက်လက်လုပ်ဆောင်စေခြင်း၊

(ခ) ပုဂ္ဂလိကရှယ်ယာများ လွှဲပြောင်းထားသော (သို့မဟုတ်) ကော်ပိုရေးရှင်း အသွင်ပြောင်းထားသော စီးပွားရေးအဖွဲ့အစည်းအနေဖြင့် ဈေးကွက်အတွင်းမျှတသော ယှဉ်ပြိုင်မှုဖြင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်စေရေးအတွက် ဥပဒေများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့ကို လုပ်ဆောင်ပေးခြင်း။

၅၃။ PPP Center နှင့်သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းအနေဖြင့် Equitization သို့မဟုတ်အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းတို့အတွက် အောက်ပါနည်းလမ်းများ အပါအဝင် အခြားလိုအပ်သော နည်းလမ်းများကိုအသုံးပြုနိုင်သည်-

(က) အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊

(ခ) လေလံတင်ခြင်း၊

(ဂ) အစုရှယ်ယာများကို ယှဉ်ပြိုင်မှုရှိသည့် တင်ဒါလုပ်ငန်းစဉ်များ သို့မဟုတ် Swiss Challenge မှတစ်ဆင့် ရောင်းချခြင်း၊

(ဃ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်သော ပစ္စည်းများနှင့် စီးပွားရေးလုပ်ငန်းများအား ရောင်းချခြင်း၊

(င) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲမှု အဖွဲ့ (သို့မဟုတ်) ဝန်ထမ်းများက ယင်းအဖွဲ့အစည်း၏ အစုရှယ်ယာများကို ဝယ်ယူခြင်း၊

(စ) ငှားရမ်းခြင်း သို့မဟုတ် စီမံခန့်ခွဲမှုသို့မဟုတ် Concession စာချုပ်များ ချုပ်ဆိုခြင်း၊

(ဆ) BOT, BTO, BT, BOO, BTL, BLT, O&M (သို့မဟုတ်) PPP ဆိုင်ရာ နည်းလမ်းများ၊

(ဇ) အခြားသောနည်းလမ်းများ။

၅၄။ နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းတစ်ခုကို ကော်ပိုရေးရှင်းအသွင်ပြောင်းခြင်း သို့မဟုတ် ပုဂ္ဂလိကသို့ ရှယ်ယာလွှဲပြောင်းခြင်း (Equitization) လုပ်မည်ဆိုပါက နိုင်ငံတော်မှ ပိုင်ဆိုင်သည့် ယင်း၏ရှယ်ယာများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ကိုယ်စားပြုလက်ခံရမည်။

၅၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းတစ်ခု၏ ကာလပေါက်ဈေးကို သီးခြားလွတ်လပ်သော အဖွဲ့အစည်း (သို့မဟုတ်) အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံသော အကြံပေးများက သတ်မှတ်ရမည်ဖြစ်ပြီး ယင်းတို့က သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းထံသို့ ကာလပေါက်ဈေးသတ်မှတ် ထုတ်ပြန်ရာတွင် အောက်ပါနည်းလမ်းများကို အသုံးပြုနိုင်သည်။

(က) လုပ်ငန်းသည် ရှေ့ဆက်လက် လုပ်ကိုင်လည်ပတ်နေသည့် အခြေအနေဆိုပါက လုပ်ငန်း၏ သို့မဟုတ် လုပ်ငန်းရှိပိုင်ဆိုင်မှုများ၏ လက်ရှိကာလတန်ဖိုး၊

(ခ) လုပ်ငန်းသည် သို့မဟုတ် လုပ်ငန်းရှိပိုင်ဆိုင်မှုများသည် ရှေ့ဆက်လက်လည်ပတ်နေမည့် အခြေအနေမရှိပါက အသားတင်ပိုင်ဆိုင်မှုများ၏ တန်ဖိုး၊

(ဂ) PPP Center ကခွင့်ပြုထားသည့် အခြားကာလပေါက်ဈေး တွက်ချက်မှုပုံစံ နည်းလမ်းများ။

နိုင်ငံတော်သမ္မတရုံး